

# အနိုင်မယူလိုသူမို့ ရှုံးပါစေ

# အခန်း(၁)

သည် နေ့ပွဲရုံတွင် အလုပ်တွေကျနေသဖြင့် ကိုအေးကျော် ထမ်းပိုးလိုက်ရသည်  မှာ ခါးပင်မျက်ခဲ့ရပါ၏။ သို့သော် ကိုအေးကျော် မမှုနိုင်ပါ။ လက်ထဲတွင် မြိုးမြိုးမြက်မြက် ရရှိလာသော ငွေစကလေးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဇနီးသည် ကလေး၏ မျက်နှာကို မြင်ယောင်ပြီး ပီတိဖြာနေမိသည် ။

"အင်း...ဒီငွေတွေကိုမြင်ရင် အေးမူတော့ သိပ်ဝမ်းသာမှာ ပဲ၊ သူ့ခမျာ သမီး နေမကောင်းလို့ တင်သွားတဲ့ အကြွေးကို မဆပ်နိုင်ရတယ်လို့ ငါ့ကို တော်တော် ရန်လုပ်နေတာ၊ ခုတော့... သူ့အကြွေး ဆပ်လို့ ရတဲ့ အပြင် သူနဲ့ သမီးလေးစားဖို့ ခေါက်ဆွဲကြော်တောင် ဝယ်သွားနိုင်ပြီ၊ အဟင်း... ဟင်း၊ ခေါင်းဆွဲထုပ်နဲ့ မိန်းမကိုချော့ရမယ်ဟေ့...အဟင်း...အဟင်း"

ကိုအေးကျော်သည်  ကြည်နူးစိတ်ရင်မှာ ပြည့်ဖြိုးစွာဖြင့် ဦးအဖောင်၏ ဆိုင်တွင် ခေါက်ဆွဲကြော် တစ်ပွဲကို ဝယ်ပြီး အိမ်သို့သုတ်ချီတင်၍ ပြန်ခဲ့သည် ။

ဝါးတန်းကလေးများ ဖြင့် ပြုလုပ်ထားသော ခနော်ခနဲ့ အိမ်ခြံစည်းရိုးနားသို့ ရောက်သောအခါတွင် အိမ်ရှေ့ကပြင်၌ အိပ်ပျော်နေသော သူ့သမီးငယ်ကို ပေါင်ပေါ်တွင် သိပ်ကာ ယပ်ခတ်ပေးနေသော တစ်ဖက်ခန်းမှ မထွေးလှကို ကိုကျော်အေး တွေ့လိုက်ရသည် ။

ခါတိုင်းအလုပ်မှ ပြန်လျှင် မြင်နေကျဖြစ်သော ဇနီးသည် ကလေး၏

မျက်နှာကိုမတွေ့ရသဖြင့် ကိုအေးကျော်၏ ရင်ထဲတွင် စိုးရွံ့ထိတ်လန့်စိတ်များ အလုံးအရင်းဖြင့် ဝင်ရောက်လာတော့သည် ။

“မထွေးလှ…မထွေးလှ၊ အေး…အေးမူရောဟင်”

မထွေးလှသည် မျက်စိမျက်နှာ မကောင်းလှစွာဖြင့် သူ့ထံသို့ ကမူးရှူးထိုး ရောက်ရှိလာသော ကိုအေးကျော်ကို ကြည့်ပြီး သူ့အတွင်းခံ အင်္ကျီအိတ်အတွင်းမှ စာတစ်စောင်ကို ထုတ်ပေးလိုက်သည် ။

“စာ…စာ…ဒါဘယ်က စာလဲဗျ”

“ရှင့် မိန်းမ ပေးသွားတာ ဖတ်သာကြည့်ပေတော့ ကိုအေးကျော်ရေ့”

မထွေးလှမှာ အတော်စိတ်မသက်မသာဟန် ရှိနေပါ၏။

“ဗျာ…”

ကိုအေးကျော်သည် စာရွက်ခေါက်ကလေးကို၊ ရင်ခုန်သံ ကမောက်ကမဖြစ်စွာဖြင့် ကသောကမျော ဖြန့်ဖတ်လိုက်သည် ။

ကိုကျော်…

ကျွန်မတော့ အမေတို့ အိမ်ကို ပြန်သွားပြီ။ တစ်ရက်တစ်ရက်နဲ့ ဘာမှ ထူးခြားတိုးတက်မလာတဲ့ ဘဝကြီးမှာ ဆင်းရဲကြီးစွာနဲ့ ဆက်မနေနိုင်တော့ဘူး။ လူချည်းပြန်လာရင် အချိန်မရွေး လက်ခံမယ်လို့ အမေတို့ ကပြောလို့ သမီးကိုပါ မလွှဲမရှောင်သာ ထားခဲ့ရပါတယ်။ သမီးအတွက် မထွေးလှကို တာဝန်ပေးခဲ့တယ်။ မထွေးလှကြည့်ရှုပေးခအတွက် ရှင်ပူစရာမလိုပါဘူး၊ အမေတို့ ပွဲရုံမှာ တတ်နိုင်တဲ့ ဘက်က ကျွန်မ ဝင်လုပ်ပြီး သမီးအတွက် ထောက်ပံ့ငွေပို့ပေးမယ်။ ရှင့်အစွမ်းအစနဲ့ ကျွန်မကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားနိုင်တဲ့ နေ့ကျမှ ပဲ ကျွန်မ ရှင့်ဆီကို ပြန်လာတော့မယ်၊ ဒါမှ မဟုတ်ရင်တော့ ကျွန်မအပြစ် မဟုတ်ဘူး … ဒါပဲ။

အေးမူ

“တောက်…မိုက်ရိုင်းလိုက်တဲ့ မိန်းမ…”

ကိုအေးကျော်မှာ ဒေါသစိတ်ဖြင့် မျက်လုံးများ ပြာဝေသွားသည် ။

“ကျွန်မလည်း ရှင်လာတဲ့ အထိတော့ စောင့်ပါဦး ဆိုတာ ဘယ်လိုမှ တားမရဘူး ကိုအေးကျော်ရယ်”

“သွားပစေမထွေးလှ၊ ဒီမိန်းမ မိန်းမယုတ်ပဲ၊ ကြည့်စမ်း လူမမည်သမီးကလေးကို ဒီလို ပိုးစိုးပက်စက် ပစ်သွားနိုင်တယ်ဆိုတာ မိခင်ကောင်းတစ်ယောက်တဲ့ လား၊ တော်ပြီဗျာ သူ့အကြောင်း ကျုပ် ဘာမှ မပြောချင်ဘူး၊ ရတယ်… ကျုပ်သမီးကို လူဖြစ်အောင် ကျုပ်ကြည့်နိုင်တယ်၊ သူ့အထောက်အပံ့လည်း ကျုပ် ဘာမှ လက်မခံဘူး၊ ပေးဗျာ… ကျုပ်သမီးကို…”

မထွေးလှပေါင်ပေါ်မှ အိပ်ပျော်နေသော သူ့သမီးငယ်ကလေးကို ပွေ့ချီမည် ပြုလိုက်သဖြင့် မထွေးလှက တားလိုက်သည် ။

“ကလေးက ခုမှ အိပ်မောကျသွားတာ၊ နိုးသွားပါ့မယ် ကိုအေးကျော်ရယ် ရှင် လုပ်စရာရှိတာသာ သွားလုပ်ပါ၊ ကျွန်မ အားနေတာပဲ ကြည့်ထားနိုင်ပါတယ်”

ကိုအေးကျော်သည် သူ့ဦးခေါင်းက ဆံပင်များကြားသို့ လက်ဆယ်ချောင်းကို ထိုးသွင်း ဆုပ်ကိုင်၍ ကပြင်စွန်းတွင် ထိုင်ချလိုက်သည် ။ ထိုအခါမှ သူ့လက်ထဲက မြေပြင်ပေါ်ကို မည်သို့ကျသွားမှန်းမသိသော ခေါက်ဆွဲကြော်ထုပ်ကလေးကို မြင်တွေ့လိုက်တော့သည် ။

သူသည် ရင်ထဲမှ ဒေါသစိတ်ကြောင့် ဆတ်ခနဲ ပြန်ထလိုက်ပြီး အပြစ်မဲ့၊ သက်မဲ့ဖြစ်သော ခေါက်ဆွဲကြော်ထုပ်ကို ခြေဖြင့် တအားလွှဲ၍ ခတ်ထုတ်လိုက်သည် ။

အထုပ်ပြေသွားသော ခေါက်ဆွဲထုပ်မှ ခေါက်ဆွဲကြော်များ သည် မြေတလင်းပြင်ပေါ်တွင် ပြန့်ကျဲသွားပါ၏။

"ကိုအေးကျော်ရယ်...."

မထွေးလှသည် ကိုအေးကျော်ကို မချိတင်ကဲရှိလှစွာဖြင့် ကြည့်နေမိသည် ။

ကိုအေးကျော်သည် ကပြင်ပေါ်တွင် ဆောင့်ခနဲ ပြန်ထိုင်ချပြီး မြေတလင်းပေါ်တွင် ပြန့်ကျဲနေသော ခေါက်ဆွဲများကို စူးစူးရှရှကြီး ကြည့်နေသည် ။

သူ့ရင်သည် လှိုင်းထသည် ကဲ့သို့ လှုပ်ရှားနေ၏။

သူ၏ အသက်ရှူသံ ပြင်းပြင်းကြီးကို မထွေးလှ အတိုင်းသား ကြား၍ နေရသည် ။

"ကိုအေးကျော်ရယ်...စိတ်ကို လျှော့ထားပါ၊ ရှင်က ဒီသမီးလေးအတွက် မားမားမတ်မတ် ရှိနေရဦးမှာ ၊ အေးမူက ငယ်သေးတယ်၊ သူ့အမေ ဒေါ်ရွှေခင်ကြီးက ကြားပွဲစားလွှတ်လွှတ်ပြီး သူ့သမီးကို ပြန်လာဖို့ သိမ်းသွင်းနေတာ ရှင်လည်း သိတာပဲ၊ အေးမူ နားယောင်သွားတာ သိပ်မဆန်းပါဘူးရှင်"

"မဟုတ်သေးဘူး မထွေးလှ၊ ဘယ်လိုပဲ ဖြားယောင်း ဖြားယောင်းဗျာ ၊ ဒီကလေးက သူ့ဝမ်းနဲ့ လွယ်မွေးထားတဲ့ ကလေး မဟုတ်လား၊ သူ့မှ မိခင်စိတ် ဒီလောက်ပဲ ခေါင်းပါးရသလား၊ အစတုန်းကတော့ ကျုပ်နဲ့ အတူတူ နေရရင်ပြီးရော ထမင်းကြမ်းခဲပဲ၊ ယပ်ခတ်စားရစားရတဲ့ ၊ အပြောင်း... အတော်ပုံပြောကောင်းတဲ့ မိန်းမ၊ ကျုပ်မှာ တော့ ပွဲရုံစာရေးလုပ်ခနဲ့ မလောက်နိုင်မှန်းသိလို့ ထမ်းစရာရှိ ကိုယ်တိုင်ဝင်ပြုပြီး

ထမ်းပိုး ရှာနေတာဗျ၊ ဒီနေ့ဆိုရင် ကုန်ထုပ်တွေ ထမ်းရလွန်းလို့ ခါး တောင် မျက်ခဲ့တယ်၊ သူ့ကြွေးဆပ်ဖို့ လဲ ရခဲ့ပါတယ်၊ ပိုလျှံလာလို့ တောင် ကျူပ်…ကျူပ် သမီးလေးနဲ့ သူစားဖို့ ဆိုပြီး ခေါက်ဆွဲကြော်တောင် ဝင်ဝယ်လာခဲ့တာဗျ၊ ခုတော့…ခုတော့ဗျာ…”

ကိုအေးကျော်၏ အသံများ တိမ်ဝင်သွားတော့သည် ။

မထွေးလှသည် စိတ်မကောင်းလှဟန်ဖြင့် ကိုအေးကျော်ကို တစ်လှည့် မြေတလင်းပေါ်တွင် ပြန့်ကျဲနေသော ခေါက်ဆွဲကြော်များကိုတစ်လှည့် ကြည့်နေမိစဉ် သားသည် မိခင် ခွေးဝင်စားမလေး မိညိုသည် အမြီးတနန့်နန့်ဖြင့် ရောက် လာပြီး ခေါက်ဆွဲကြော်များကို စားနေ၏။

“ဟဲ့…ဟဲ့…မိညို”

“စားစမ်းပါစေ၊ မောင်းမနေပါနဲ့ မထွေးလှရာ၊ ဒီခွေးမက သားပေါက်ထားတာ၊ သူ့ကလေးတွေနို့ရအောင် စားပါစေ၊ ကျူပ်ကျေနပ်ပါတယ်၊ သူက တိရစ္ဆာန်ပေမယ့် မိခင် တာဝန်ကျေတယ်ဗျ သိရဲ့ လား”

သားသည် မိခင် ခွေးဝင်စားမကလေး မိညိုသည် ခေါက်ဆွဲကြော်များကို နတ်သုဒ္ဓါအလား လျှာတွေ့၍ နေ၏။

အမြီးကလေး တလှုပ်လှုပ် ဖြစ်နေသော ခွေးဝင်စားမလေးကိုကြည့်ပြီး ကိုအေးကျော်သည် သူတို့ သားအဖကို ပစ်ပစ်ခါခါ လုပ်သွားရက်သော ဇနီးသည် အပေါ် နာကြည်းစိတ် ပြင်းထန်နေ၏။

ကြေကွဲ နာကြည်းဖွယ်ရာ အဖြစ်သနစ်ကို မသိရှာလေသော လူမမည် သမီးငယ်လေး ခင်လေးငယ်မှာ တော့ မထွေးလှ၏ ပေါင်ပေါ်တွင် အေးဆေးနှစ်ခြိုက်စွာ အိပ်မောကျနေရှာပါ၏။

* * *

# အခန်း(၂)

ကိုအေးကျော်သည် သူ့ကို နှိပ်စက်ကလူ ပြုနေသော အကြောင်းအရာများကို ဦးခေါင်းကို သွက်သွက်ကြီး ယမ်းခါ၍ မောင်းနှင်ထုတ်ပစ်လိုက်သည်။

“ကိုအေးကျော်…သမီးရဲ့ အိပ်ရာကလေး ပြင်ပေးပါလား၊ သိပ်ထားလိုက်ရအောင်လို့”

“အေးဗျာ၊ ကျုပ်…ကျုပ် မထွေးလှကို မေ့သွားမိတယ်၊ စိတ်မရှိပါနဲ့”

ကိုအေးကျော်သည် အိမ်ပေါ်သို့တက်လိုက်ပြီး သမီးငယ်အတွက် အိပ်ရာကို သပ်ရပ်စွာ ခင်းကျင်းလိုက်သည်။

“ရှင်ရေမိုးချိုးလေ၊ ကျွန်မကလေးအနားမှာ စောင့်နေလိုက်မယ်”

မထွေးလှသည် ခင်လေးငယ်ကို အိပ်ရာပေါ်တွင် အသာချသိပ်ပြီး ခြင်ထောင်ချပေးရင်း ပြောလိုက်သည်။

“မချိုးတော့ပါဘူးဗျာ၊ ခင်ဗျားသမီးလေးကို ခဏစောင့်ပေးနိုင်မယ်ဆိုရင် ကိုမြဒင်ဆီကို ကျွန်တော် လုပ်အားခကလေး ရှင်းပေးစရာရှိနေလို့”

“ရပါတယ် သွားလေ၊ ကျွန်မစောင့်နေလိုက်ပါ့မယ်”

“ကျေးဇူးပဲဗျာ”

ကိုအေးကျော်သည် သမီး၏ အိပ်ရာကို တစ်ချက်ကြည့်ပြီး အိမ်ပေါ်မှ လျှင်မြန်စွာ ဆင်းသွားတော့သည် ။

"အင်း....ဒုက္ခ....ဒုက္ခ၊ ဒီသားအဖ ဘယ်လိုများ ရှေ့ဆက် ခရီးသွားကြမယ် မသိပါဘူး၊ ငါရင်လေးလိုက်တာ"

မထွေးလှသည် မှောင်ရီပျိုးစ သူ့ကို ကျောခိုင်း၍ သွားနေသော ကိုအေးကျော်ကို မျက်စိတစ်ဆုံးကြည့်ရင်း ရင်ထဲမကောင်းနိုင်အောင် ခံစားနေရ၏။

ခံစားနေရသော သူ့အဖြစ်သနစ်ဆိုးကြီးကို ရင်ထဲမှ ဘယ်လိုပင် မောင်းထုတ်...မောင်းထုတ် မရနိုင်သည် မို့ ကိုအေးကျော်၏ ရင်တွင် နာကျင် မွန်းကျပ်၍ နေရုံမျှမက မျက်ဝန်းနှစ်ဖက်မှ မျက်ရည်များ ပင် သွယ်ကျ စီးတန်း၍ နေ၏။

သူ့ပတ်ဝန်းကျင်တွင် အမှောင်ထုက စိုးမိုးနေသည် မို့ မျက်ရည်ကျနေသော သူလို ယောကျ်ားတစ်ယောက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ သတိမမူမိဘဲ ရှိနေ၏။

သူ့ အိမ်မှ ကိုမြဒင်၏ အိမ်ရှိရာ ဟသ်ာကုန်းဘက်ဆီသို့ ခရီးကလည်း အလှမ်းသား...

တစ်ယောက်တည်း ကိုယ့်ခံစားချက်နှင့် ကိုယ် လျှောက်နေမိသော ကိုအေးကျော်သည် လမ်းခုလတ် တစ်နေရာဆီတွင် အမြင်မတော် မနှစ်သက်ဖွယ်ရာ မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရသည် ။

လူတစ်ယောက်ကို လူနှစ်ယောက်က လုယက် နေခြင်းပင်...

လမ်းတွင် လူကလည်း ပြတ်နေသည် ။

တစ်လမ်းလုံး သူကလွဲ၍ မည်သူမျှမရှိ။

မတရားမှုကို သည် အတိုင်း လက်ပိုက် ကြည့်မနေနိုင်သော သူ့အတွက် ဒေါသစိတ်က လှုံ့ဆော်လာသည်။

ဒုက္ခရောက်သူကို ကယ်တင်ရမှန်း သိတတ်သူ တစ်ယောက်အနေဖြင့် ကိုအေးကျော်သည် အချင်းအဖြစ်အပျက်ထဲသို့ ခြေစုံပစ်ဝင်လိုက်မိတော့သည်။

လူကောင်က ထွားထွား၊ မတရားမှုကို မုန်းတီးရွံရှာသူပီပီ စိတ်ဓာတ်ပြင်းသည့် အလျောက် ခြေမြန်လက်မြန် ဖြစ်သွားသည်။ အဘိုးဖြစ်သူ၏ အမွေခံ သိုင်းကိုယ်ခံပညာကို တတ်ထားသော ကိုအေးကျော်၏ လက်ချက်ကြောင့် ရမ်းကား လုယက်သူ နှစ်ဦးသည် အချိန်တိုအတွင်း မြေပြင်ပေါ်တွင် မှောက်လဲကုန်ကြတော့သည်။

"ကျေး-ကျေးဇူးကြီးလှပါတယ် မောင်ရင်ရယ်၊ မောင်ရင်သာ မကယ်ရင် ဦး-ဦးတော့ ဒုက္ခလှလှရောက်ပြီ"

ရည်ရည်မွန်မွန် ရှိလှသော လူကြီးက လက်ဆွဲအိတ်ကြီးတစ်လုံးကို သူ့ရင်တွင် တင်းကျပ်စွာ ပွေ့ပိုက်ထားရင်း တုန်ယင်နေသော အသံကြီးဖြင့် ကိုအေးကျော်ကို ကျေးဇူးတင်စကား ပြောလိုက်သည်။

"ရပါတယ်…ဦးရယ်၊ ကောင်းရောင်း ကောင်းဝယ် လုပ်မစားချင်တဲ့ လူတွေကို ကျွန်တော် သိပ်မုန်းတယ် ဒါနဲ့ ဦးက ဘယ်ပြန်မှာ လဲ ကျွန်တော် လိုက်ပို့ပေးရမလားဟင်…"

"ဦးတည်းတဲ့ အိမ်က ဒီကနေ သိပ်မဝေးတော့ပါဘူး၊ ဦးကို မောင်ရင် လိုက်ပို့ပေးပါ၊ မောင်ရင့်ကို ဦးထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ချင်လို့ပါ"

"ဟာ…နေပါစေ ဦး၊ ကျွန်တော် ကျေးဇူးအတင်ခံချင်လို့ ဝင်ကူတာ မ

ဟုတ်ပါဘူး”

“မောင်ရင်က ကျေးဇူးအတင်မခံချင်ပေမယ့် ဦးကတော့ မောင်ရင့်ကို ကျေးဇူးကြီး တင်နေရပြီ၊ ဦး-ဦးရဲ့ ၊ ဟောဒီအိတ်ထဲမှာ ရှိတဲ့ ရတနာပစ္စည်းတွေက တန်ဖိုး အလွန်ကြီးပါတယ်”

“ဟာ...ဦး ဒါတွေ ကျွန်တော် မသိချင်ပါဘူး၊ ကျွန်တော့်ကို ခွင့်ပြုပါ ကျွန်တော့်မှာ အိမ်မြန်မြန် ပြန်ရဖို့ သိပ်အရေးကြီးနေလို့ ပါ”

“ဒါ-ဒါဖြင့်လည်း မောင်ရင့်လိပ်စာ ပေးခဲ့ပါဦး၊ မောင်ရင့်အိမ်ကို မနက်ကျရင် လာခဲ့မယ်”

“ဩော်...ဦးရာ ဒုက္ခမရှာပါနဲ့ ဆိုမှ ဗျာ”

“လုပ်ပါ မောင်ရင်ရယ်၊ ဦးကို လိပ်စာကလေးတော့ ပေးခဲ့ပါ”

ကိုအေးကျော်သည် သက်ပြင်းတစ်ချက်ချပြီး သူ့လိပ်စာကို ပြောလိုက်သည် ။

“အင်း...ဟုတ်ပြီ၊ မောင်ရင့် နာမည်ကကော ဟင်၊ နာမည်...နာမည်... ပြောပါဦး”

“အေးကျော်ဗျာ...”

ကိုအေးကျော်သည် စိတ်မရှည်ဟန်ဖြင့် ပြောပြီး လူကြီးအနီးမှ လျင်မြန်စွာ ထွက်ခဲ့တော့သည် ။

ပွဲရုံအလုပ်သမား မြဒင်ဆီသို့ ရောက်သည့် အခါတွင် လည်း ရှင်းပေးစရာရှိသည့် ငွေကို အလျင်အမြန် ရှင်းပေးခဲ့ပြီး ဆိတ်နို့မှုန့်တစ်ထုပ်ကိုဝယ်ကာ အိမ်ဆီသို့သာ ဒုန်းစိုင်းပြန်ခဲ့သည် ။

မိပစ်မသမီးလေး အိပ်ရာမှ နိုးလျှင် သမီးလေး အနီးတွင် သူရှိဖို့ လို

အပ်လှသည် မဟုတ်လား။

* * *